**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန**

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

**ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း**

၁။ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ဒုတိယဦးစီးမှူးရာထူးနေရာများအတွက် ယှဉ်တွဲဖော်ပြပါ အရည်အချင်း သတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် -

| **စဉ်** | **ရာထူး/လစာနှုန်းကျပ်** | **ခန့်ထားမည့်နေရာ** | **အနိမ့်ဆုံးရှိရမည့် ပညာအရည်အချင်း/ သတ်မှတ်ချက်** |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၁၅) နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ [ စီးပွားရေးပညာဘွဲ့(စာရင်းအင်း/ ဘောဂဗေဒ/ ဝါဏိဇ္ဇဘွဲ့/ စာရင်းကိုင်/ စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့)/ ကွန်ပျူတာသိပ္ပံဘွဲ့/ ဥပဒေဘွဲ့/ ဝိဇ္ဇာဘွဲ့(အင်္ဂလိပ်စာ) ရရှိသူများ ဦးစားပေးမည်။ ] |

၂။ လျှောက်ထားသူများသည် -

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ပြီး နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဂ ) အကျင့်စာရိတ္တ ကောင်းမွန်သူ ဖြစ်ရမည်။

(ဃ) လျှောက်ထားသူများသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက ၃၁-၅-၂၀၂၆ ရက်နေ့တွင် အသက် (၂၈) နှစ်အထက်၊ ဘွဲ့လွန်ဖြစ်ပါက ၃၁-၅-၂၀၂၆ ရက်နေ့တွင် အသက် (၃၀) နှစ်အထက်နှင့် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ၃၁-၅-၂၀၂၆ ရက်နေ့တွင် အသက် (၃၅) နှစ်အထက် မကျော်လွန်သူ ဖြစ်ရမည်။ **ပြည်သူ့စစ်မှုထမ်းတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ပြီး ပုံစံ (၁၂) ရရှိပြီး သူများသည် သတ်မှတ်ချက်များနှင့် ကိုက်ညီပါက ဌာနမှ သတ်မှတ်အသက်ထက် (၃) နှစ် တိုးမြှင့်၍ လက်ခံပေးမည် ဖြစ်ပါသည်။**

(င ) ဝန်ထမ်းအဖြစ် ခန့်အပ်ခြင်းခံရပါက ဌာနတွင် အနည်းဆုံး (၅) နှစ် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ်ရေးထိုးနိုင်ရမည်။

(စ ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal)၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခံရသူများ၊ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ခဲ့သူများ လျှောက်ထားခွင့် မရှိပါ။

(ဆ) ကွန်ပျူတာအခြေခံ တတ်ကျွမ်းသူ ဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပုံစံအား ဝန်ကြီးဌာန၏ Website: www.mofr.gov.mm နှင့် ဌာန၏ Website: www.frd.gov.mm တွင် Download ရယူ၍ လည်းကောင်း၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန (ရုံးအမှတ်-၃၄)၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ရုံးများတွင် အခမဲ့ လာရောက်ထုတ်ယူ၍ လည်းကောင်း လျှောက်လွှာပါ အချက်အလက်များအား ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်လျှောက်ထားရမည် ဖြစ်ပါသည်။

၄။ စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/- ( ကျပ်တစ်ထောင်တိတိ) ကို နီးစပ်ရာ မြန်မာ့စီးပွားရေးဘဏ်မှ တစ်ဆင့် နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်ရှိ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ငွေစာရင်းအမှတ်၊ MD-013363 သို့ ပေးသွင်းရမည်ဖြစ်ပြီး စာရင်းအမှတ်အောက်ရှိကွက်လပ်တွင် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန **" ဒုတိယဦးစီးမှူးရာထူးအတွက် စာမေးပွဲဝင်ကြေး ပေးသွင်းခြင်း "** ဟု ဖော်ပြ၍ ပေးသွင်းရမည်ဖြစ်ပါသည်။

၅။ လျှောက်ထားသူများသည် လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများ ပူးတွဲတင်ပြရမည် -

(က) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူ၊ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်၊ စာမေးပွဲဖြေဆိုသည့်အခါ လက်မှတ်မူရင်း တင်ပြရန်)၊

(ခ ) ဘွဲ့လက်မှတ်မိတ္တူ ( မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်၊ စာမေးပွဲဖြေဆိုသည့်အခါ ဘွဲ့လက်မှတ်မူရင်း တင်ပြရန်)၊

(ဂ ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (စာမေးပွဲဖြေဆိုသည့်အခါ မူရင်းတင်ပြရန်)၊

(ဃ) အိမ်ထောင်စုလူဦးရေစာရင်းမိတ္တူ၊

(င ) လိပ်စာဖော်ပြပါဒေသတွင် အမှန်တကယ်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာမူရင်း (တစ်လအတွင်း)၊

(စ ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံစာမူရင်း(တစ်လအတွင်း)၊

(ဆ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁) လအတွင်း ရိုက်ကူးထားသော ( ၁'' x ၁.၅'' ) နောက်ခံ အပြာရောင် ရောင်စုံလိုင်စင် ဓါတ်ပုံ (၃) ပုံ ( နောက်ကျောတွင် အမည်၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် ဖော်ပြရန်)၊

(ဇ ) နိုင်ငံ့ဝန်ထမ်း မဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင် ကတ်ပြားမိတ္တူ (ဖြေဆိုခွင့်ကတ်ပြား ထုတ်ယူချိန်တွင် မူရင်းတင်ပြရန်)၊

(ဈ ) ကျန်းမာရေးကောင်းမွန်ကြောင်း သက်ဆိုင်ရာမြို့နယ် ဆရာဝန်၏ (၁) လအတွင်း ဆေးစစ်ထောက်ခံချက်မူရင်း၊

(ည) စာမေးပွဲဝင်ကြေးငွေ ကျပ် ၁၀၀၀/- ပေးသွင်းထားသည့် ငွေသွင်းချလန်မူရင်း။

၆။ ပြင်ပပုဂ္ဂိုလ်များသည် လျှောက်လွှာများကို ညွှန်ကြားရေးမှူး၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ ရုံးအမှတ်(၃၄)၊ နေပြည်တော်သို့ လိပ်မူပြီး လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍ သော်လည်းကောင်း ၂၀-၇-၂၀၂၆ ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်မပြည့်စုံသော လျှောက်လွှာများ၊ သတ်မှတ်အရည်အချင်းနှင့် မကိုက်ညီသူများကို လက်ခံ ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အပိုဒ် (၅) ပါ အထောက်အထားများ ပါရှိသော လျှောက်လွှာနှင့်အတူ မိမိ တာဝန်ထမ်းဆောင်နေသည့် ဌာနအကြီးအမှူး ထောက်ခံချက်၊ ဌာနဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက် မူရင်းတို့ဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနမှတစ်ဆင့် ၂၇-၇-၂၀၂၆ ရက်နေ့ နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ရသူများ၏ အမည်စာရင်း၊ ခုံအမှတ်၊ ဖြေဆိုမည့်နေ့ရက်နှင့် နေရာများကို ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန၏ website: www.mofr.gov.mm နှင့် ဌာန၏ Website www.frd.gov.mm တို့တွင် ထပ်မံကြေညာပေးမည် ဖြစ်ပါသည်။

၉။ လျှောက်ထားသူများအား ရေးဖြေစာမေးပွဲ စစ်ဆေးမည်ဖြစ်ပြီး မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတများကို ဖြေဆိုရမည် ဖြစ်ပါသည်။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့စစ်ဆေးခြင်း ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါသည်။

၁၀။ အသေးစိတ် သိရှိလိုပါက ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၄) ၊ နေပြည်တော်၊ ဖုန်း (၀၆၇-၃၄၁၀၂၄၂) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**